မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 22, 2019 Volume 16, Number 15

၂၂.၂.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၃၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၇၇၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၅/ကျပ် |
| CBM Rate | = ၁၅၂၈.၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၄.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၂.၃ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၉.၇ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၇.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၇.၄၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၇၈ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၉၂ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၄.၉၃ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၈၀၇ကျပ် |

Source: CBM Rate, etrademyanmar.com

## Myanmar Taiwan Business Matching ပွဲအတွက် ပြည်တွင်းအလတ်စားလုပ်ငန်းများကို ထိုင်ဝမ်ကမ်းလှမ်း

Myanmar Taiwan Business Matching ပွဲအတွက် ပြည်တွင်းအလတ်စားလုပ်ငန်းများကို ထိုင်ဝမ်ကမ်းလှမ်းထားတယ်လို့ စက်မှုဝန်ကြီးဌာနထံကသိရပါတယ်။ ထိုင်ဝမ်မှာပြုလုပ်မည့် Myanmar Taiwan Business Matching ပွဲအတွက် စိန်တလုံးသရက်၊ နမ်း၊ မိချောင်း ကွမ်းဖက်၊ ရော်ဘာ၊ ကြိမ်ဝါးဖြန့်ဖြူးရောင်းချလျက်ရှိသည့် အလတ်စားစီးပွားလုပ်ငန်းများကို Taiwan မှ ကမ်းလှမ်းထားတာဖြစ်ပါတယ်။

Myanmar Taiwan Business Matching & Visit Trip သို့ တက်ရောက်ပြီး ဈေးကွက်ချိတ်ဆက်လိုသည့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အသွား/အပြန် လေယာဉ်လက်မှတ်ခကိုသာ ကျခံရမှာဖြစ်ပြီး ကျန်တည်းခိုစရိတ်၊ စားသောက်စရိတ်စတဲ့ ကုန်ကျစရိတ်တွေကို ထိုင်ဝမ်ဘက်မှ ကျခံပေးသွားမှာဖြစ်ပါတယ်။ စိန်တလုံးသရက်၊ နမ်း၊ မိချောင်း ကွမ်းဖက်၊ ရော်ဘာ၊ ကြိမ်ဝါးများကို ဖြန့်ဖြူးရောင်းချလျက်ရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် Myanmar Taiwan Business Matching & Visit Trip သို့တက်ရောက်ပြီး ဈေးကွက်ချိတ်ဆက်လိုပါက (၂၈.၂.၂၀၁၉) ရက်နေ့နောက်ဆုံးထားပြီး စက်မှုဝန်ကြီးဌာန တာဝန်ရှိသူတွေထံကို ဆက်သွယ်ရမှာဖြစ်ပါတယ်။

ဆက်သွယ်စာရင်းပေးသွင်းထားသည့် လုပ်ငန်းရှင်များအနေဖြင့် (၂.၃.၂၀၁၉) ရက်နေ့တွင် SME Center ၊ အမှတ်(၅၃)၊ မင်းဓမ္မလမ်းနဲ့ ကျိုက်ဝိုင်းဘုရားလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့လာရောက်ပြီး ယှဉ်ပြိုင်အရွေးခံရမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်

ဒေါ်အိအိခိုင်၊ ဌာနခွဲမှူး၊ ဖုန်း ၀၉-၄၂၃၇၂၁၅၉၀ ၊

ဒေါ်အေးသန္တာ၊ ကြီးကြပ်ရေးမှူး၊ ဖုန်း ၀၉-၅၀၃၄၄၉၉

Source: https://www.facebook.com/SFJWeekly/posts/2281602968593649?__tn__=K-R

## ရောဝတီတိုင်း၌ ရန်ကုန်ကုန်သည်များ စပါးဆင်းဝယ်နေ၍ ဆန်ဈေးတက်နိုင်

ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်အချို့သို့ ဖေဖော်ဝါရီလဆန်းမှစတင်၍ ရန်ကုန်မြို့မှကုန်သည်များ စပါးများကိုတိုက်ရိုက်ဆင်းဝယ်နေသဖြင့် ဆန်ဈေးများမြင့်တက်လာနိုင်ကြောင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့ရှိ ဆန်စပါးကုန်သည်များထံမှသိရသည်။ ရန်ကုန်မြို့မှကုန်သည်များသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကုန်သည်များနှင့်ချိတ်ဆက်၍ ကုန်တင်ကား၊ ကုန်တင်

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com



သဘော်များကိုအသုံးပြု၍ တောင်သူများနှင့်ကုန်သည်များထံမှ တစ်ရက်လျှင် စပါးတင်း ၁၅၀၀ မှ ၃၅၀၀ ဝန်းကျင်အထိ အရောင်းအဝယ်လုပ်ကိုင်နေကြောင်း သိရသည်။

တိုက်ရိုက်လာဝယ်တော့ သွားရောင်းရတဲ့ စရိတ်သက်သာကြောင်း၊ စပါးဈေးကတော့ ဒေသပေါက်ဈေးနှုန်းနဲ့ သိပ်မကွာကြောင်း၊ တင်း ၁၀၀ ကို ကျပ်ငါးသိန်းခွဲ ဈေးပေါက်လည်း အလုပ်သမားခ၊ စက်ခ၊ အဲဒါတွေ နုတ်လိုက်ရင် ကျပ်ငါးသိန်းလောက်ပဲကျန်ပြီး၊ လောလောဆယ်တော့ အလုပ်မရှုပ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် နတ်မှုရွာမှ တောင်သူဦးထင်မင်းကပြောဆိုသည်။

ရောဝတီတိုင်းဒေသကြီးအတွင်း ဖျာပုံ ပေါ်ဆန်း၊ ဘေးကျား၊ တောင်ပြန်၊ ဆင်းသွယ် လတ်၊ မနောသုခ၊ ရောမင်း၊ ရွှေသွယ်ရင်၊ ရက် (၉၀)၊ ဇီးဒိုး၊ ဆင်းသုခ၊ ဇီယာစသည့် စပါးများ အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ လက်ရှိတွင် ဖျာပုံပေါ်ဆန်း၊ ဘေးကျား၊ တောင်ပြန်၊ စပါးတင်း ၁၀၀ လျှင် ကျပ် ၉၇၀၀၀၀ ၊ မနောသုခ၊ ဆင်းသုခ၊ ရွှေသွယ်ရင်၊ ရောမင်း၊ ဆင်းသွယ်လတ်၊ ဇီးဒိုး၊ ရက် (၉၀)စသည့် စပါးတင်း ၁၀၀ လျှင် ကျပ် ၅၈၅၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/120714.html

## ပွင့်ဖြူမြို့နယ်တွင် လယ်ယာလုပ်သားရှားပါးမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အခက်အခဲဖြစ်ပေါ်နေ

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် လယ်ယာလုပ်ငန်းခွင် လုပ်သားများရှားပါလာခြင်းကြောင့် မကြာခင် စိုက်ပျိုးတော့မည့် နွေးစပါးနှင့် နွေသီးနှံများစိုက်ပျိုးရေးအတွက် အခက်အခဲများဖြစ်ပေါ်နေကြောင်း ဒေသခံ တောင်သူများထံမှသိရသည်။ လုပ်သားက ရှာရတာမလွယ်ကြောင်းနှင့် လုပ်သားမရှိရင် နွေစပါးကို ဧကအများကြီး စိုက်လို့ မရတော့ကြောင်း ပွင့်ဖြူမြို့မှ စပါးစိုက်တောင်သူ ဦးထွန်းမောင်ကပြောသည်။

ယခင်အချိန်များက အမျိုးသားလယ်ယာလုပ်သားများသာ ရှားပါးခဲ့ခြင်းဖြစ်သော်လည်း၊ ယခုအခါတွင် အမျိုး မီး လယ်ယာလုပ်သားများပါ ရှားပါးလာသည့်အတွက် လက်ရှိအချိန်တွင် အသက် ၄၀ အထက် လုပ်သားကြီးများနှင့်သာ စိုက်ပျိုးရိတ်သိမ်းနေရကြောင်း တောင်သူများကဆိုသည်။

ယင်းဒေသရှိ အရွယ်ကောင်း အမျိုးသား၊ အမျိုးသမီးများမှာ ပြည်ပနိုင်ငံများသို့ အလုပ်သွားရောက်လုပ်ကိုင်နေကြခြင်းဖြစ်ပြီး လက်ရှိလယ်ယာလုပ်သားရှားပါးမှုကြောင့် ယခင်ကတစ်ရက်လျှင် လုပ်အားခ ၁,၅၀၀ ခန့်မှ လက်ရှိတွင် တစ်ရက်လျှင် ၂,၅၀၀ ကျပ်မှ ၄,၀၀၀ ကျပ်နီးပါးထိ ပေး၍ ငှားရမ်းနေရကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5857

## ယခုနှစ်တွင် လွိုင်ကော်ခရိုင်၌ ဆောင်းအာလူး စိုက်ဧကတစ်သောင်းကျော် စိုက်ပျိုးထား

ယခုနှစ်အတွင်း စိုက်ပျိုးထားသည့် ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၌ ဆောင်းအာလူး စိုက်ဧက တစ်သောင်းကျော်စိုက်ပျိုးထားကြောင်း ဒေသခံတောင်သူများထံမှသိရသည်။ လက်ရှိ ကယားပြည်နယ်အတွင်း အာလူး အများဆုံးစိုက်ပျိုးထားသော လွိုင်ကော်ခရိုင်ရှိ မြို့နယ်များတွင် လွိုင်ကော်မြို့နယ်၊ ဒီမောဆိုးမြို့နယ်၊ ဖရူးဆိုမြို့နယ်နှင့် ရှားတောမြို့နယ်တို့၌ဖြစ်ကြောင်းသိရသည်။



ဆောင်းအာလူးကို ဒီဇင်ဘာနဲ့ဖေဖော်ဝါရီ နောက်ဆုံးစိုက်ပျိုးပြီး၊ မတ်လနဲ့ဧပြီလမှာ ထွက်ရှိမှာဖြစ်ပါတယ်။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်မှာ မိုးနှောင်းအာလူး စိုက်ဧကမှာ ၅၀၁ ဧက ရှိခဲ့ပါတယ်။ ဆောင်းအာလူးစိုက်ပျိုးမှုအနေနဲ့ မိုးအာလူးထက် နှစ်ဆကျော်တိုးတက်စိုက်ပျိုးတယ်။ အာလူးစိုက်ပျိုးမှုမှာ မိုးအာလူး၊ ရေအာလူးနဲ့ ဆောင်းအာလူးဆိုပြီး သုံးကြိမ်ဖော်ပါတယ်။ ကယားပြည်နယ်မှာတော့ ဆောင်းအာလူးကို အဓိကထားစိုက်ပျိုးပါတယ်လို့ ကယားပြည်နယ် လွိုင်ကော်မြို့မှ အာလူးစိုက်တောင်သူ ဦးဆန်ထော်အောင်က ပြောသည်။ ပြည်နယ်အတွင်းထွက်ရှိသည့် အာလူးများကို ပြည်ပဈေးကွက်များသို့ တင်ပို့သကဲ့သို့ ပြည်တွင်းဈေး

ကွက်များသို့လည်း တင်ပို့ရောင်းချလျက်ရှိပြီး အာလူးတန်ဖိုးမြင့် စားသောက်ကုန်များလည်း ပြုလုပ်ဖြန့်ဖြူးကြကြောင်း သိရသည်။ အာလူးဈေးက ကောင်းလိုက်၊ မကောင်းလိုက်ပဲ။ တစ်ပိဿာကို လက်ကားဈေး ကျပ် ၃၀၀ ကနေ ၅၀၀ ကြား ရရှိတယ်။ တစ်ဧကနှုန်းကျစရိတ်က ကျပ်နှစ်သိန်းကျော်ရှိတယ်။ အထွက်နှုန်းကောင်းလာရင် သွင်းအားစုတွေ သုံးစွဲရတဲ့စရိတ်က ပိုများလာတယ်။ နောက်စိုက်ပျိုးချိန်မှာ မျိုးဈေးတွေတက်တာကိုလည်း သက်ဆိုင်ရာကနေ ကြပ်မတ်ပေးဖို့လိုကြောင်း ဖရူးဆိုမြို့နယ်မှ အာလူးစိုက်တောင်သူ ဦးစောထူးကပြောသည်။

လက်ရှိတွင် ထုတ်လုပ်မှုမြင့်မားလာစေရန်အတွက် ခေတ်မီစိုက်စနစ်များ၊ နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေ ရန်ဆောင်ရွက်ခြင်း၊ အထွက်ကောင်း မျိုးကောင်းမျိုးသန့်များဖြင့် အစားထိုးစိုက်ပျိုးစေခြင်း၊ တရုတ်အာလူးမျိုးများဖြစ်သော ဖက်ဘိုရီတာ(Favorita)၊ တုံးနို (Tonnoung) စသောမျိုးများအား အစားထိုးပြောင်းလဲစိုက်ပျိုးလာနိုင်အောင် ဆောင်ရွက်ပေးရန်လိုအပ်နေသည်။ လက်ရှိတွင် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့တွင် အာလူးစိုက်ပျိုးထုတ်လုပ်မှု အားကောင်းသည့်အတွက် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံကြီးများတွင် ဈေးကွက်မရရှိဘဲဖြစ်နေကြောင်းသိရသည်။

Source: http://www.amiamyanmar.com/detail.aspx?id=5856

## တရုတ်-မြန်မာ နယ်စပ်စီးပွားရေးဇုန်တည်ဆောက်ရေးညှိနှိုင်းဆောင်ရွက်မည်

နယ်စပ်စီးပွားရေးဇုန်တည်ဆောက်မှုကို တွန်းအားပေးမည်ဟု တရုတ်နိုင်ငံတော်ကောင်စီဝင် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီက တရုတ်-မြန်မာ နယ်စပ်ယူနန်ပြည်နယ်သို့ ရောက်ရှိချိန်တွင်ပြောကြားကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ် သံရုံးက သတင်းထုတ်ပြန်သည်။

မြန်မာ-တရုတ်နယ်စပ် ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်တွင် နယ်စပ်စီးပွားရေးဇုန်သုံးခု အကောင်အထည်ဖော်ရန် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကို စိတ်ဝင်စားမှုအဆိုပြုလွှာများကို ယခုလအတွင်းခေါ်ယူရန် ပြင်ဆင်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ ကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့်ခရီးသွားမြှင့်တင်ရေးဇုန်များ ထည့်သွင်းထားသည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဇုန်များ တည်ဆောက်အကောင်အထည်ဖော်ရေး စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူရန် သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်အစိုးရ၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအပါအဝင် ပြည်ထောင်စုအစိုးရနှင့်လည်းညှိနှိုင်းပြီး အစည်းအဝေးများပြုလုပ်ရန် စီစဉ်ထားသည်ဟုရင်းကဆိုသည်။ မြန်မာ-တရုတ်နယ်စပ်မျဉ်းတစ်လျှောက်တွင် အကောင်အထည်ဖော်မည့် စီးပွားရေးဇုန်သုံးခုသည် နှစ်နိုင်ငံကုန်သွယ်ရေးမြှင့်တင်နိုင်ခြင်းအပြင် အဆိုပါစီးပွားရေးဇုန်အတွင်းမှ ထုတ်ကုန်များကို မြန်မာ၊ တရုတ်နှင့်အခြားနိုင်ငံများသို့ တင်ပို့မည်ဆိုပါက အခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။

စီးပွားရေးဇုန်များ အမှန်တကယ်အကောင်အထည်ဖော်ပါက နယ်စပ်ဒေသစီးပွားရေး တိုးတက်လာခြင်းနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်မည့် အခွင့်အရေးကောင်းတစ်ခုဖြစ်သည်ဟု မူဆယ်မြို့မှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။ မူဆယ်၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီးတို့ရှိ နှစ်နိုင်ငံနယ်စပ်မျဉ်းပေါ်၌ အကောင်အထည်ဖော်မည့် ဗဟိုစီးပွားရေးဇုန် မြေဧရိယာသတ်မှတ်ချက်ကို မြန်မာ- တရုတ်နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဦးခင်မောင်လွင်ကရှင်းပြသည်။

Source:http://www.logisticsguide.com.mm/en/industry-news/export-import/1580-border-economic-development.html?fbclid=IwAR36JE34fdpxMchqpv9vc2UwLTxoRcMX51er-OhiVyoA221sch6H2FIIP_M

## ကယားပြည်နယ်ရှိ ထီးပရူနူဂူသို့ ခရီးသွားလုပ်ငန်း ဖော်ဆောင်သွားမည်

ကယားပြည်နယ် ဖရူဆိုမြို့နယ်ရှိ ထီးပရူနူဂူကို နိုင်ငံလေးနိုင်ငံမှ လိုဏ်ဂူပညာရှင်များ၏ အကြံပြုချက်အရ ခရီးသွား လုပ်ငန်း စတင်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (လွိုင်ကော်ရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဇော်ထွန်း က ဖေဖော်ဝါရီ ၂၁ ရက်က ပြောသည်။ ကယားပြည်နယ်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးစဉ်ဒေသအသစ်များဖော်ထုတ်နိုင်ရေးတို့အတွက် ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(လွိုင်ကော်ရုံးခွဲ)၏ ဦးဆောင်မှု ဆွစ်ဇာလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဆလိုဗက်ကီးယားနိုင်ငံများမှ လိုဏ်ဂူပညာရှင်များ၊ မြန်မာနိုင်ငံ တောင်တက်အဖွဲ့နှင့် မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း (ကယားဇုန်)တို့ ပူးပေါင်းပါဝင်မှုဖြင့် လိုဏ်ဂူလေ့လာရေးအဖွဲ့ ဖွဲ့စည်း၍ ကယားပြည်နယ် ဖရူဆိုမြို့နယ်ရှိ ထီးပရူနူဂူနှင့် ထီမိုးအိဂူ၊ ဒီးမော့ဆိုမြို့နယ်ရှိ ကွိုင်ငံဂူနှင့် ဘော်လခဲမြို့အနီးရှိ ရေနီပေါက်ဂူများသို့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ

၂၀၁၉ ခု နှစ် ဖေဖော်ဝါရီ ၁၅ ရက်အထိ သွားရောက်လေ့လာခဲ့ကြကြောင်း သိရပါသည်။

ပညာရှင်တွေကို ဖိတ်ပြီးတော့ ဆာဖေးဆင်းတာဖြစ်ကြောင်း၊ ဂူတွေမှာ ခရီးသွားလုပ်မယ်ဆိုရင် ပညာရှင်တွေ လေ့လာထားတော့ ဘာတွေလုပ်သင့်တယ်။ မလုပ်သင့်ဘူးဆိုတဲ့ အားနည်းချက်၊ အားသာချက်တွေကိုကြည့်ပြီး လုပ်ကိုင်လို့ရကြောင်း၊ ထီးပရှုနုဂူဆိုရင် ခရီးသွားလုပ်ငန်းလုပ်ဖို့အတွက် အစိုးရအဖွဲ့က သဘာတူထားပြီးသားဖြစ်ပါတယ်။ အခုလာရောက်လေ့လာသွားတဲ့ နိုင်ငံခြားသားပညာရှင်တွေကလည်း စလုပ်လို့ရပြီဆိုပြီး အကြံပေးသွားတာရှိပါတယ်။ ဒါကြောင့် ဒီဂူကိုစတင်ပြီး ခရီးသွားလုပ်ငန်းစလုပ်မယ်။ အခြားဂူသုံးခုကတော့ ဆက်လက်လေ့လာမှုတွေ လုပ်ဆောင်ရဦးမှာဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (လွိုင်ကော်ရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဇော်ထွဋ်ကပြောသည်။

အဆိုပါလေ့လာရေးအဖွဲ့၏လေ့လာတွေ့ရှိချက်များ၊ လိုဏ်ဂူများ၏အခြေအနေများနှင့် အားနည်းချက်၊ အားသာချက်များကို ကယားပြည်နယ်အစိုးရအဖွဲ့ကို ပညာရှင်များကတင်ပြသွားပြီးဖြစ်ကြောင်းလည်းသိရသည်။ ဦးဇော်လင်းထွဋ်က ကယားပြည်နယ်ခရီးသွားလုပ်ငန်းက အရမ်းတိုးတက်လာနေကြောင်း၊ ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ခရီးသွားဝင်ရောက်မှုမြင့်တက်လာနေပြီး၊ အခု ၂၀၁၉ ခုနှစ်မှာဆိုရင်တော့ ကယားပြည်နယ်မှာ နိုင်ငံခြားသား ၂၀၀၀၀ ကျော်နဲ့ ပြည်တွင်း ခရီးသွားတစ်သိန်းကျော်လောက်လာမယ်လို့ ခန့်မှန်းထားကြောင်း ဆက်လက်ပြောသည်။ ကယားပြည်နယ် လွိုင်ကော်ဒေသရှိ အထင်ကရခရီးစဉ်ဒေသများမှာ တောင်ကွဲစေတီ၊ မြို့နမ်စေတီ၊ နောင်ကယားကန်၊ ရွှေလက်ဝါးစေတီ၊ မြကလပ်တောင်တော်၊ ကြက်ဂူ၊ ထီးစဲ့ခါးရေတံခွန်၊ မိုးဗြဲရေတံခါး၊ လောပိတရေအားလျှပ်စစ်စက်ရုံနှင့် ရေတံခွန်၊ ထီးပွင့်ကန်တော်ကြီး၊ ငွေတောင်ဆည်အစရှိသည့် နေရာအများအပြားရှိကြောင်းသိရသည်။

Source: https://www.yangonmedia.com/regional/item/12083

## တရုတ်ဝယ်လက်များ ပြန်လည် ဝင်ရောက်လာမှုကြောင့် မန်းကျောက်စိမ်းဈေးကွက်တွင် အရည်အသွေးကောင်း လက်ကောက်များ ဈေးကောင်းရနေ



မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၏ အဓိက ကျောက်စိမ်းဈေးကွက်ဖြစ်သော မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် ယခုရက်ပိုင်းအတွင်း တရုတ်ဝယ်လက်များ အများအပြား ဝင်ရောက်မှုရှိနေခြင်းကြောင့် ရောင်းသူဝယ်သူများဖြင့် စည်ကားမှုရှိနေရာ အရည်အသွေး ကောင်းလက်ကောက်များနှင့် အပွင့်များဝယ်ယူမှုများပြီး ဈေးကောင်းရနေကြောင်းသိရသည်။

တရုတ်နှစ်သစ်ကူးပြီးချိန်ကတည်းက ကျောက်စိမ်းဈေးကွက် တဖြည်းဖြည်းရောင်းကောင်းလာရာမှာ ကုန်သည်များ ဝင်ရောက်လာမှုနှင့်အတူ ဈေးကောင်းရနေပြီး မတ်လလယ်မှာကျင်းပဖို့ရှိတဲ့ နေပြည်တော်ကျောက်မျက်ရတနာပြပွဲမှာ ပြသရောင်းချဖို့ ဝယ်လက်တွေနဲ့ကုန်သည်တွေက ပစ္စည်းစုဆောင်းမှုတွေကိုလုပ်နေကြပြီး အပွင့်ပိုင်းမှာဆိုရင် ပြီးခဲ့တဲ့တစ်ပတ်ကထက် အရောင်းအဝယ်ပိုမိုကောင်းလာသလို အရည်အသွေးကောင်းတဲ့လက်ကောက်တွေကို ကျပ်သိန်းကြီးပိုင်းအထိဈေးကောင်းပေးဝယ်ယူနေကြပါတယ်။ နိုင်ငံခြားသားခရီးသည်တွေ ဝင်ရောက်မှုရှိနေတဲ့ ရာသီဖြစ်တာကြောင့် ပုတီး၊ ဆွဲကြိုး၊ လက်စွပ်တို့လို ဖန်စီပစ္စည်းတွေနဲ့ ကျောက်စိမ်းရုပ်တုလေးတွေလည်း အရောင်းသွက်လျက်ရှိကြောင်း ကျောက်မျက်ဝါရင့်ကုန်သည် ဦးဇော်နိုင်က ဖေဖော်ဝါရီ ၂၁ ရက် တွင် ဒီမိုကရေစီတူဒေးသို့ ပြောကြားသည်။

ဈေးကွက်အတွင်းသို့ ဖား ကန့်၊ လုံးခင်းနှင့်၊ တာမခံဒေသဘက်မှ ကျောက်စိမ်းတုံးအသစ်များ ဝင်ရောက်မှုရှိလာသောကြောင့် မဟာသင်္ကြန်ပွဲတော်ကာလမတိုင်ခင်အထိ တောက်လျှောက်ကောင်းမွန်မည်ဟုသုံးသပ်ရပြီး အထက်ပိုင်းကျောက်၊ ခါးပိုင်းကျောက်နှင့် အောက်ပိုင်းကျောက်များအားလုံး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း၊ စခန်းအတွင်းရှိ အပွင့် ဝိုင်း၊ လက်ကောက်ဝိုင်းတို့အပြင် လွှာချပ်ဝိုင်း၊ အတစ်ဝိုင်း၊ ပုံကျမီး ထိုင်းဝိုင်း၊ ဂွင်ဝိုင်းနှင့်မိုးကုတ်နီ ထိုးပြာဝိုင်းတို့တွင်လည်း ရောင်းသူဝယ်သူများဖြင့် စည်ကားလျက်ရှိရာ ကျောက်စိမ်းဖြတ်ခုံ၊ သွေးခုံ၊ ဖောက်ခုံလုပ်ငန်းများမှာ

အပ်ထည်များရရှိမှုများပြားနေ၍ အလုပ်သမားများအတွက် နေ့စဉ်အလုပ်ပေးနိုင်ကြောင်းသိရသည်။

Source: https://www.yangonmedia.com/economy/item/12082


## အိန္ဒိယနိုင်ငံသို့ပဲတင်ပို့ခွင့်ကို ယာယီသာပိတ်ထားခြင်းဖြစ်ပြီး နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းနေ

မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲမျိုးစုံကို အိန္ဒိယနိုင်ငံသို့နှစ်စဉ်တင်ပို့လျက်ရှိပြီး ပြီးခဲ့သည့်နှစ်မှစ၍ ကန့်သတ်ကုန်စည်အဖြစ် အိန္ဒိယနိုင်ငံအစိုးရကသတ်မှတ်ခဲ့ကာ လက်ရှိတွင်မြန်မာ့ပဲများ အိန္ဒိယသို့ တင်သွင်းခွင့်ကို ယာယီပိတ်ထားခြင်းကြောင့် ပြန်လည်ခွင့်ပြုပေးလည်နိုင်စေရန် နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ အိန္ဒိယနဲ့ မြန်မာကြားမှာဆိုရင် ဒီကိစ္စက တကယ်ကိုအရေးကြီးတဲ့ပြဿနာတစ်ခုဖြစ်ကြောင်း၊ ဒါကြောင့် ဒီကိစ္စကို အမြန်ဆုံး ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ပေးနေကြောင်း၊ တစ်ဖက်မှာရှိတဲ့ အိန္ဒိယနိုင်ငံကပဲစိုက်တောင်သူ လယ်သမားတွေရော မြန်မာနိုင်ငံ ပဲစိုက်တောင်သူလယ်သမားတွေပါ ကြုံတွေ့နေရတဲ့ အခက်အခဲပြဿနာတွေကို သိပါကြောင်း၊ ဒါကြောင့် ဒီပြဿနာတွေပြေလည်စေဖို့အတွက် အစိုးရချင်းလည်း ညှိနှိုင်းမှုတွေလုပ်နေကြောင်း၊ လက်ရှိ ပဲတင်သွင်းမှုကိုလည်း ယာယီပိတ်ထားတာပါ။ အမြဲတမ်းပိတ်မှာမဟုတ်ကြောင်း၊ ပြန်ဖွင့်မယ့်ရက် အတိအကျတော့ ပြောလို့မရသေးကြောင်း၊ နှစ်ဦးနှစ်ဖက်အကောင်းဆုံးဖြစ်အောင်တော့ ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ Deputy Chief of Mission Dr. Sumit Seth က ပြောသည်။

အိန္ဒိယနိုင်ငံတွင် ပဲလက်ကျန်များ များပြားစွာကျန်ရှိနေခြင်းကြောင့် ယခင်နှစ်အတွင်း အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံမှ ပဲများကို ကန့်သတ်ကုန်စည်အဖြစ်သတ်မှတ်ခဲ့ပြီး လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှပဲတင်သွင်းခွင့်ကို ယာယီပိတ်ထားခြင်းဖြစ်၍ ပြန်လည်ခွင့်ပြုပေးသွားရန် နှစ်နိုင်ငံအစိုးရချင်း ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပေးလျက်ရှိသည်။ လက်ရှိတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြားတွင် သဘောတူညီချက်များဖြင့် ဆွေးနွေးနေမှုများစွာရှိနေပြီး မြန်မာနိုင်ငံဘက်မှ အိန္ဒိယနိုင်ငံအစိုးရဘက်သို့ တောင်းဆိုချက်မူကြမ်းကို အိန္ဒိယအစိုးရသို့ တင်ပြထားမှုလည်းရှိနေကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံအကြား ယခုထက်ပိုမို ကောင်းမွန်သည့် ပူးပေါင်းဆက်ဆံရေးနည်းလမ်းအသစ်များကို ကြိုးစားဖော်ဆောင်လျက်ရှိကြောင်းသိရသည်။

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1667-beans-for-india.html

## ဒေါ်လာဈေးကျဆင်းသော်လည်း ကမ္ဘာ့ရေနံဈေးမြင့်တက်နေခြင်းကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်း ဇန်နဝါရီလဆန်းထက် တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၇၀ အထိ မြင့်တက်လာ



ဒေါ်လာဈေးကျဆင်းလာသော်လည်း ကမ္ဘာ့ရေနံဈေး မြင့်တက်နေခြင်းကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် ဇန်နဝါရီလဆန်းထက် တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၇၀ အထိ မြင့်တက်လာကြောင်း စက်သုံးဆီအရောင်းဆိုင်များထံမှ သိရသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာ ဒုတိယပတ်မှစတင်၍ ကမ္ဘာ့ရေနံဈေးနှုန်း သိသိသာသာ စတင်မြင့်တက်ခဲ့ပြီး ၂၀၁၇ ခုနှစ် သြဂုတ်လဆန်းပိုင်းက ၄၉ ဒေါ်လာဝန်းကျင်ရှိသော ကမ္ဘာ့ရေနံဈေးနှုန်းသည် တဖြည်းဖြည်း ဆက်တိုက်မြင့်တက်ခဲ့ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၇၆ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ထို့နောက် ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် ၄၂ ဒေါ်လာဝန်းကျင်အထိကျဆင်းခဲ့ပြီး ဇန်နဝါရီ ၁ ရက်တွင် ၄၅ ဒေါ်လာဝန်း ကျင်၊ ဇန်နဝါရီ ၂၀ ရက်တွင် ၅၄ ဒေါ်လာဝန်းကျင်၊ ဇန်နဝါရီ ၂၉ ရက်တွင် ၅၂ ဒေါ်လာ၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် ၅၆ ဒေါ်လာ ဝန်းကျင်အထိ ပြန်တက်ခဲ့သည်။

ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်လမှအောက်တိုဘာအထိ

လေးလကျော်အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၀ ရာခိုင်နှုန်းကျော်အထိမြင့်တက်ခဲ့ပြီး တစ်လီတာ စံချိန်တင်ဈေးနှုန်းများအနေဖြင့် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိ ဆက်လက်မြင့်တက်ခဲ့သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စံချိန်တင်ဈေးနှုန်းနောက်ပိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက် တွင် အနိမ့်ဆုံးဈေးနှုန်းအဖြစ် ဒီဇယ်တစ်လီတာ ကျပ် ၈၅၀ (တစ်ဂါလန် ၃၈၅၉ ကျပ်) ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၈၅၅ (တစ်ဂါလန် ၃၈၈၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၆၇၀ ကျပ် (တစ်ဂါလန် ၃၀၄၁ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၇၃၀ ကျပ် (တစ်ဂါလန် ၃၃၁၄ ကျပ်) အထိကျဆင်းခဲ့ကြောင်းသိရသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ဒေါ်လာဈေးကျဆင်းခဲ့သော်လည်း ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်ခဲ့သောကြောင့် ပြည်တွင်းစက်သုံးဆီဈေးကွက်တွင် ဇန်နဝါရီလအတွင်းဈေးနှုန်းအတက်အကျ တစ်လီတာလျှင် ၂၅ ကျပ်မှကျပ် ၆၀ အထိဖြစ်ပေါ်ခဲ့သည်။ ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြည်တွင်း စက်သုံးဆီဆိုင်အများစုတွင် ရောင်းချနေသောဈေးနှုန်းမှာ ဒီဇယ်တစ်လီတာ ကျပ် ၈၉၅ (တစ်ဂါလန် ၄၀၆၃ ကျပ်) ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၉၀၅ (တစ်ဂါလန် ၄၁၀၈ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၇၀၅ကျပ် (တစ်ဂါလန် ၃၂၀၀ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၈၀၀ ကျပ် (တစ်ဂါလန် ၃၆၃၂ ကျပ်) ဖြစ်သည်။

မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ ဖေဖော်ဝါရီ ၁၈ ရက်တွင် အနိမ့်ဆုံးဈေးနှုန်းအဖြစ် သတ်မှတ်ထားသော စက်သုံးဆီတစ်လီတာဈေးနှုန်းများမှာ 92 Ron ၆၆၀ ကျပ်၊ 95 Ron ၇၄၅ ကျပ်၊ ဒီဇယ် ၈၄၀ ကျပ်၊ ပရီမီယံဒီဇယ် ၈၅၀ ကျပ်ဖြစ်သည်။ ပြည်တွင်းဈေးကွက်တွင် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင်ဖြစ်ပေါ်သော စက်သုံးဆီ လက်လီဈေးများမှာ ဒီဇယ်တစ်လီတာ ကျပ် ၅၀၀ (တစ်ဂါလန် ၂၂၇၀ ကျပ်) ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၅၄၀ (တစ်ဂါလန် ၂၄၅၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၅၅၀ (တစ်ဂါလန် ၂၄၉၇ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၆၅၀ ကျပ် (တစ်ဂါလန် ၂၉၅၁ ကျပ်) ဖြစ်ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်ဈေးနှုန်းဖြင့်နှိုင်းယှဉ်ပါက လပေါင်း ၃၀ ကျော်အတွင်း ဒီဇယ် ၁၁၉ ရာခိုင်နှုန်း၊ ပရီမီယံဒီဇယ် ၁၀၅ ရာခိုင်နှုန်း၊ 92 Ron ၉၄ ရာခိုင်နှုန်း၊ 95 Ron ၇၂ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

SOURCE: HTTPS://NEWS-ELEVEN.COM/ARTICLE/83094

## ချင်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းနှင့်စိုက်ပျိုးရေးကဏ္ဍ၌လုပ်ကိုင်ရန် အလားအလာများစွာရှိနေသော်လည်း လက်ရှိအချိန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုံးဝမရှိသေးကြောင်းနှင့် ဟိုတယ်ကဏ္ဍတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတစ်ခုသာရှိ



ပြည်တွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အလားအလာကောင်းသောကဏ္ဍများဖြင့် ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်လျက်ရှိသော်လည်း လက်ရှိအချိန်အထိ ချင်းပြည်နယ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုံးဝမရှိသေးကြောင်းနှင့် ဟိုတယ်ကဏ္ဍတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု တစ်ခုသာရှိသေးကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ဖေဖော်ဝါရီ ၁၉ ရက်က ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ

ညွှန်ကြားမှုဦးစီးဌာနတွင် ကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲတွင်ပြောကြားသည်။ ချင်းပြည်နယ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုံးဝမရှိသေးပါဘူး။ ပြည်တွင်း လုပ်ငန်းရှင်တွေက ဟိုတယ်ကဏ္ဍမှာမြှုပ်နှံတဲ့ တစ်ခုပဲရှိပါသေးတယ်။ တကယ်တော့ ချင်းပြည်နယ်မှာဆိုရင် အလားအလာအကောင်းဆုံး ကဏ္ဍတွေ အများကြီး ရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးကဆိုသည်။

ချင်းပြည်နယ်တွင် ခရီးသွားလုပ်ငန်းကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍသည် အလားအလာအကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုကဏ္ဍဖြစ်ကြောင်း၊ သို့သော်လည်း အခြားတစ်ဖက်တွင် ချင်းပြည်နယ်တွင်း လမ်းပန်းဆက်သွယ်ရေး အခက် အခဲများရှိနေကြောင်း၊ ချင်းပြည်နယ်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခြင်းမရှိသေးသော ပြည်နယ်တစ်ခု (Zero Investment) အဖြစ် တည်ရှိဆဲဖြစ်သဖြင့် ၂၀၁၉ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံသူများရရှိအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ချင်းပြည်နယ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးကိုယ်စား အေးချမ်းမြန်မာအင်စတီကျူမှ မူဝါဒရေးရာအကြံပေး ဆလိုင်းအိုက်ဇက်ခင်က ပြောကြားခဲ့သည်။ သို့သော်လည်း ချင်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုကော်မတီက ခွင့်ပြုထားသည့် ဟိုတယ်လုပ်ငန်းတစ်ခုရှိလာပြီဖြစ်ကြောင်း၊ ကျပ်သန်း ၈၀၀ ကျော်ဖြင့် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် ပြည်တွင်းကုမ္ပဏီတစ်ခုအား ခွင့်ပြုပေး ထားကြောင်း ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှသိရသည်။

၂၀၁၇ ခုနှစ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အခွန်ကင်းလွတ်ခွင့်ခုနစ်နှစ်ရရှိသည့် ဇုန်(က) စာရင်းတွင် ချင်းပြည်နယ်ပါဝင်ကြောင်းနှင့် ဥပဒေအရ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအား အကာအကွယ်ပေးထားကြောင်း သိရသည်။ အစိုးရသစ်လက်ထက်တွင် ချင်းပြည်နယ်ဝန်ကြီးချုပ်၏လမ်းညွှန်မှုဖြင့် စည်ပင်၊ လျှပ်စစ်နှင့်စက်မှု ဝန်ကြီးဦးဆောင်၍ ချင်းပြည်နယ်အတွင်းသို့ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ရန်မူဘောင် (Framework to Attract Investment to Chin State) မူကြမ်းကို စတင်ရေးဆွဲခဲ့ပြီး ဦးစားပေးနယ်ပယ်များအဖြစ် ရေအားလျှပ်စစ် ထုတ်လုပ်ရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍနှင့် မြို့ပြဖွံ့ဖြိုးရေးကဏ္ဍတို့ကိုလျာထားပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့ကြောင်း၊ ချင်းပြည်နယ်ရှိ ဒေသန္တရစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းနှင့်စိန်ခေါ်မှုများ လေ့လာမှုအစီရင်ခံစာတွင် ဖော်ပြ ထားသည်။

Source: https://news-eleven.com/article/83441

## STOCK EXCHANGE (22.2.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 22nd Feb. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 596 | 5,244,800 | 27,112,747 | 238,592 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 4,118 | 11,942,200 | 38,929,150 | 112,895 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 1 | 7,100 | 10,400,986 | 73,847 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 610 | 13,115,000 | 2,472,053 | 53,149 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,650 | 2,700 | 2,650 | 7 | 18,600 | 12,212,906 | 32,975 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 374.63 | +0.00 | +0.00% | 374.63 | 374.63 | 374.63 | 5,332 | 30,327,700 | 5 | 511,458 |


### Index chart




## Market Overview

As of 1:00 pm, 22nd Feb. 2019

| MYANPIX | 374.63 ▲ 0.00 |
|---|---|
| Total Volume (shares) | 5,332 |
| Total Value (MMK) | 30 mil |
| Listed Company | 5 |
| Market Cap. (MMK) | 511,458 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲0 |
| MTSH | 00002 | 2,900 | ▲0 |
| MCB | 00003 | 7,100 | ▲0 |
| FPB | 00004 | 21,500 | ▲0 |
| TMH | 00005 | 2,700 | ▲0 |